---


မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

August 22 , 2025 Volume 93, Number 16


၂၂. ၈.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၅.၅၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၉.၄၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၇.၁၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၉.၂၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၀၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၃၃ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ယခုနှစ်တွင် ပြည်တွင်းမှထွက်ရှိမည့် Hass ထောပတ်သီးများကို စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သို့ အဓိကထား တင်ပို့မည်




ယခုနှစ်တွင် ပြည်တွင်းမှထွက်ရှိမည့် အရည်အသွေးမြင့် Hass ထောပတ်သီးများကို စင်ကာပူနှင့်ထိုင်းနိုင်ငံတို့သို့ အဓိကထားတင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ပြည်တွင်း၌ Hass ထောပတ်သီးစိုက် ဧကပေါင်း ၂၀,၀၀၀ ခန့်ရှိပြီး နှစ်စဉ်စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း Hass ထောပတ်သီးများ လှိုင်လှိုင်ထွက်ရှိကာ ပြည်တွင်းစားသုံးမှုအပြင် ပြည်ပနိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။

ထိုသို့ ထောပတ်သီးများ တင်ပို့ရာတွင် Hass ထောပတ်သီးများအပြင် Buccaneer၊ 034၊ Booth 7 နှင့် အမရာ စသောထောပတ်သီးမျိုးများကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ Hass ထောပတ်သီးကို ဧက ၂၀,၀၀၀ လောက် စိုက်ပျိုးထားတာဖြစ်တဲ့အတွက် ပြည်ပဈေးကွက်ကိုကြိုးစားရှာဖွေရပါတယ်။ ဒီနှစ်မှာထွက်မဲ့ Hass ထောပတ်သီးတွေကိုတော့ စင်ကာပူနဲ့ထိုင်းနိုင်ငံကို အဓိကထားတင်ပို့ဖို့ စီစဉ်ထားတယ်။ တရုတ်နိုင်ငံကိုလည်း မြန်မာ့ထောပတ်သီးအများအပြားတရားဝင်တင်ပို့နိုင်အောင် GACC လက်မှတ်ရရှိဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်းဆောင်ရွက်နေပါတယ်”ဟု မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများမအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြီးခဲ့သည့်နှစ်ထောပတ်သီးရာသီကအရည်အသွေးမြင့် Hass ထောပတ်သီးတန်ချိန် ၃၀၀၀ ခန့်ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် ပိုမိုထွက်ရှိရန်မျှော်မှန်းထားကာပြည်တွင်းစားသုံးမှုအပြင် ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ အများအားဖြင့် ကိုင်းဆက်စိုက်ပျိုးထားသည့် Hass ထောပတ်သီးများနှင့် Buccaneer ထောပတ်သီးများကို ရန်ကုန်၊ မန္တလေး စသည့်မြို့ကြီးများက အဓိကထား စားသုံးကြသဖြင့် နှစ်စဉ် အမြောက်အမြားတင်ပို့ရောင်းချရကြောင်း သိရသည်။

ယခုအခါ မြန်မာ့ထောပတ်သီးများသည် ပြည်တွင်းပြည်ပဈေးကွက်တွင် ဝယ်လိုအားကောင်းလာ၍ ထောပတ်သီးစိုက်ပျိုးသော တောင်သူများအနေဖြင့်ဈေးကွက်လိုအပ်ချက်ရှိသောထောပတ်မျိုးကို ဦးစားပေးစိုက်ပျိုးကြရန် မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ တိုက်တွန်းထားကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ၂၂ ကြိမ်မြောက် တရုတ် အာဆီယံကုန်စည်ပြပွဲနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့၌ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိကျင်းပမည့် ၂၂ ကြိမ်မြောက် တရုတ် အာဆီယံကုန်စည်ပြပွဲနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၂၂ ရက်နေ့၊နံနက် ၁၀ : ၀၀ နာရီချိန်၌ ပို့ကုန် သွင်းကုန်ရုံး၊ ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်) အစည်းအဝေးခန်းမတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာထိန်လင်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ နှင့် ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် ကုမ္ပဏီ၊လုပ်ငန်းရှင် စုစုပေါင်း ၁၀၄ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ကုန်စည်ပြပွဲ၌ ပါဝင်ပြသမည့် ကုန်သည်လုပ်ငန်းရှင်များစည်းကမ်းစနစ်တကျရှိစေရေးလိုအပ်ချက်များကိုမှာကြားခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးဒေါက်တာသက်လွင်ဦးက ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့်လုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကုန်သည်လုပ်ငန်းရှင်များက သိရှိလိုသည်များအား ဆွေးနွေးမေးမြန်းခဲ့ကြသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်က မေးမြန်းချက်များအား ပြန်လည်ဖြေကြား၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

၂၂ ကြိမ်မြောက် တရုတ်အာဆီယံကုန်စည်ပြပွဲတွင် ကုန်စည်ပြခန်းပေါင်း ၁၂၀ ခန်းပါဝင်ပြသမည်ဖြစ်ပြီး မြန်မာ့ထုတ်ကုန်များဖြစ်သည့် ကျောက်မျက်ရတနာများ၊ လယ်ယာထွက်ကုန်များ၊ စားသောက်ကုန်များ၊ လူသုံးကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ**

**Source :** https://myantrade.gov.mm/

## ၂ နှစ်နီးပါးကာလအတွင်း တရုတ်သို့ ရေထွက်ကုန်တင်ပို့မှုကနေ ကန်ဒေါ်လာ သန်း၂၀၀ ကျော်ရရှိထား



မြန်မာနိုင်ငံမှထွက်ရှိသည့် ရေထွက်ကုန်များကို တရုတ်နိုင်ငံသို့ GACC သဘောတူညီချက်ဖြင့် တင်ပို့လျက်ရှိရာ ၂ နှစ်နီးပါးကာလအတွင်း အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော်ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနရဲ့ အချက်အလက်တွေအရ သိရပါတယ်။

လက်ရှိမှာ တရုတ်နိုင်ငံသို့ GACC သဘောတူညီချက်ဖြင့် ရေထွက်ကုန်တင်ပို့နေတဲ့ ကုမ္ပဏီစုစုပေါင်း ၈၀ ကျော်ရှိပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ၂၀၂၅ ခုနှစ် ဩဂုတ်လ ဆန်းပိုင်းအထိ စုစုပေါင်းရေထွက်ကုန်တန်ချိန် ၁၄၅,၀၀၀ ကျော်တင်ပို့ခဲ့ရာ အဆိုပါတင်ပို့မှုကနေ အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော်ရရှိထားခြင်းဖြစ်ကြောင်း သိရပါတယ်။

အဆိုပါကာလအတွင်း အမေရိကန်ဒေါ်လာ ၁၉၅ ဒသမ ၉၄၇ သန်းတန်ဖိုးရှိ သဘာဝမှရေထွက်ကုန် တန်ချိန် ၁၄၀,၀၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၄၂၇ သန်းတန်ဖိုးရှိ မွေးမြူရေး ရေထွက်ကုန်တန်ချိန် ၅,၀၀၀ ကျော် တင်ပို့ခဲ့ခြင်းကြောင်း သိရပါတယ်။

တရုတ်နိုင်ငံကို ရေထွက်ကုန်တင်ပို့ရာတွင် ငါးသလောက်၊ ငါးမြစ်ချင်း၊ ငါးမုတ်အပါအဝင် ငါးအမျိုးအစား စုစုပေါင်း ၃၅ မျိုးနဲ့ ပုစွန်အမျိုးစား ၄ မျိုး တင်ပို့လျက်ရှိကြောင်း သိရပါတယ်။

မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ သဘာဝရေထွက်ကုန်များနှင့် မွေးမြူရေးရေထွက်ကုန်များကို တရုတ်နိုင်ငံသို့ တရားဝင် GACC နည်းလမ်းဖြင့် တင်ပို့နိုင်ရေးကို ၂၀၂၃ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့က နှစ်နိုင်ငံအစိုးရကြား သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါတယ်။

**Source :** https://opinionleadersmedia.com/

## ပြည်တွင်းဆန်စက် ၈၀ ရာခိုင်နှုန်းခန့် လည်ပတ်နေ




မြန်မာနိုင်ငံမှာ ဆန်စက် တစ်သောင်းကျော်ရှိပြီး လက်ရှိမှာတော့ ၈၀ရာခိုင်နှုန်းလောက် လည်ပတ်နေတယ်လို့ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းကနေ သိရပါတယ်။

ပြည်ပတင်ပို့မှုနဲ့ ပြည်တွင်းစားသုံးမှု ဖူလုံဖို့အတွက် အဲဒီဆန်စက်တွေက ကြိတ်ခွဲပေးနေတာဖြစ်ပြီး ဆန်စပါးကဏ္ဍဖွံ့ဖြိုးဖို့နဲ့ ထွက်ရှိလာတဲ့ ဆန်စပါးအရည်အသွေး မြင့်မားဖို့အတွက် နည်းပညာကဏ္ဍဟာလည်း အရေးပါတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှာ အသင်းဝင်ပေါင်း တစ်သောင်းကျော်ရှိပြီး လက်ရှိမှာ ပြည်ပကို တင်ပို့နေတဲ့ ဆန်တွေနဲ့ ပြည်သူတွေ စားသုံးဖို့အတွက် အဲဒီဆန်စက်တွေကနေ ကြိတ်ခွဲရောင်းချ ပေးနေတာ ဖြစ်ပါတယ်။

ဒါ့ပြင် ပြည်ပကို ဆန်တင်ပို့မှုမှာ တစ်နှစ်ကို ဆန်တန်ချိန် ၂ သန်းခွဲလောက် ရှိနေပြီး ဧရာဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတွေမှာ ဆန်စပါးသိုလှောင်မှုနဲ့ ကြိတ်ခွဲမှုတွေက အများဆုံး ဖြစ်တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

TIR

## မကွေးနွားဈေးကွက်၌ အရောင်းအဝယ် မရှိသလောက်ဖြစ်နေ



မကွေးမြို့နယ်အတွင်းက နွားဈေးကွက်မှာ ဝယ်သူနည်းပါးပြီးအရောင်းအဝယ်မှာမရှိသလောက် ဖြစ်နေတယ်လို့ မကွေးမြို့နယ်က နွားရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတွေဆီက သိရပါတယ်။

မကွေးနွားဈေးကွက်မှာ ဒေသတွင်းလုပ်ငန်းခွင်သုံး နွားဈေးကွက်နဲ့ အခြားဒေသတွေကို တင်ပို့တဲ့ အချောလိုင်း ဆိုပြီး ရှိတာဖြစ်ပါတယ်။

လတ်တလောမှာ ဒေသတွင်းလုပ်ငန်းခွင်သုံး နွားတွေသာ အရောင်းအဝယ်အနည်းငယ် ဖြစ်နေပြီး အခြားဒေသကို တင်ပို့တဲ့ အချောလိုင်းမှာ ဝယ်ယူသူ မရှိဘူးလို့ဆိုပါတယ်။

နွားဈေးကွက်ထဲမှာ ဝယ်သူမရှိသလောက် ဖြစ်နေပြီး ဝယ်လက်တွေက လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေကြောင့် လာမဝယ်နိုင်တာ ဖြစ်နိုင်တယ်လို့ မကွေးမြို့နယ်ကနွားရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

မကွေးမြို့နယ်မှာ အဓိကစီးပွားရေးအဖြစ်တောင်သူလုပ်ငန်းလုပ်ကိုင်ကြသူတွေများပြီးစိုက်ပျိုးရေးလုပ်ငန်းနဲ့အတူ မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် တွဲဖက်လုပ်ကိုင်ကြသူတွေလည်း ရှိပါတယ်။

Source : https://onenewstvchannel.com/

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုများသောကြောင့် အိန္ဒိယတွင် ဆန်ဈေးသည် နှစ်ရက်အတွင်း ၁၄ ရာခိုင်နှုန်းမြင့်တက်

ဘင်္ဂလားဒေ့ရှ်သို့ ဆန်အမြောက်အမြားတင်ပို့နေသည့် ကုန်သည်ကြီးများ၏လှုပ်ရှားမှုကြောင့် အိန္ဒိယပြည်တွင်းဆန်ဈေးနှုန်းများ ၂ ရက်အတွင်း ၁၄ ရာခိုင်နှုန်းအထိ ရုတ်တရက်မြင့်တက်သွားခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရက ဆန်တန်ချိန် ငါးသိန်းကို အကောက်ခွန်ကင်းလွတ်ခွင့်ပေးထားသောကြောင့် ယင်းသို့ပြည်တွင်းဈေးကွက် ကမောက်ကမဖြစ်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

အနောက်ဘင်္ဂလားပြည်နယ်၊ ဥတ္တာပရာဒေ့ရှ်ပြည်နယ်၊ အိန္ဒိယတောင်ပိုင်းမှ ကုန်သည်များသည် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ဆန်တင်သွင်းခွန် ၂၀ ရာခိုင်နှုန်းယာယီဖြေလျှော့မည့်အစီအစဉ်ကို ကြိုတင်သတင်းရရှိထားပြီး Petrapole နယ်စပ် ၊ အိန္ဒိယ ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီးရှိ ၎င်းတို့၏ ကုန်လှောင်ရုံများတွင် ကုန်စည်များကို အဆင်သင့်ထားရှိထားကြောင်းသိရသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရ၏ သွင်းကုန်ခွန်ဖယ်ရှားမှုနှင့်ပတ်သက်၍ တရားဝင်ကြေညာချက်ကို ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

စားသုံးသူဈေးကွက်တွင် Swarna အမျိုးအစားဆန်သည် တစ်ကီလိုလျှင် ၃၄ ရူပီးမှ ၃၉ ရူပီး အထိမြင့်တက်ခဲ့ပြီး Miniket အမျိုးအစားမှာ တစ်ကီလိုလျှင် ၄၉ ရူပီးမှ ၅၅ ရူပီးအထိတက်သွားကာ Ratna အမျိုးအစားသည် ယခင်က တစ်ကီလိုလျှင် ၃၆ – ၃၇ ရူပီးနှင့်နှိုင်းယှဉ်ပါက ရူပီး ၄၁ – ၄၂ ဖြင့်ရောင်းချနေကြောင်း သိရသည်။

Sona Masoori မျိုးကွဲဆန်အမျိုးစား၏ ဈေးနှုန်းမှာလည်း ယခင်က တစ်ကီလိုလျှင် ၅၂ ရူပီး မှ ၅၆ ရူပီးအထိမြင့်တက်ခဲ့ကြောင်း သိရသည်။

ဆန်တင်ပို့ခြင်းနှင့်ဈေးကွက်ရှာဖွေရေးကုမ္ပဏီ RiceVilla ၏ CEO ဖြစ်သူ Suraj Agarwal က ဘင်္ဂလားဒေ့ရှ်အမျိုးသားအခွန်များဘုတ်အဖွဲ့သည် ဗုဒ္ဓဟူးနေ့မွန်းလွဲပိုင်းတွင်သွင်းကုန်ခွန်ဖျက်သိမ်းကြောင်းကြေညာ ခဲ့ပြီး အိန္ဒိယနိုင်ငံမှ ထရပ်ကားများ

သည် ဗုဒ္ဓဟူးနေ့ညမှစတင်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှုများစတင်ခဲ့ကြောင်း၊ Petrapole–Benapole နယ်စပ်မှတစ်ဆင့် ဆန်တင်ပို့ရာတွင် ကုန်စည်ပို့ဆောင်မှုနှင့်စရိတ်စကအရပိုမိုယှဉ်ပြိုင်နိုင်သောကြောင့် ဥတ္တာပရာဒေ့ရှ်ပြည်နယ်နှင့် အိန္ဒိယတောင်ပိုင်းမှဆန်စက်များသည် ကုန်းလမ်းမှ ဆန်တင်ပို့နေကြခြင်းဖြစ် ကြောင်း ပြောကြားခဲ့သည်။

Swarna ဆန်အမျိုးအစားကို အိန္ဒိယနိုင်ငံတစ်ဝှမ်းတွင် စားသုံးကြပြီး Miniket အမျိုးအစားဆန်သည် အိန္ဒိယအရှေ့ပိုင်းနှင့် အရှေ့မြောက်ပြည်နယ်များတွင်ရေပန်းစားသည်။Ratna မျိုးစိတ်သည် အိန္ဒိယမြောက်ပိုင်းတွင် ရေပန်းစားသော်လည်း Sona Masoori သည် တောင်ပိုင်းပြည် နယ်များတွင် အများဆုံးစားသုံးကြောင်း သိရသည်။

ဆန်တင်သွင်းခွန် ၂၀ ရာခိုင်နှုန်းကိုဖယ်ရှားရန် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ဆောင်ရွက်မှုသည် နိုင်ငံ၏ဈေးကွက်တည်ငြိမ်စေရန်နှင့် စားသုံးသူများအား ငွေကြေးဖောင်းပွမှုမှ သက်သာရာရစေရေးကူညီပေးရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြည်တွင်းဝယ်လိုအားဖြည့်ဆည်းရန်အတွက် ဆန်တန်ချိန် ၁၃သိန်းတင်သွင်းခဲ့ရပြီးနောက် ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်ဈေးနှုန်းသည် ၁၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

ဆန်တင်ပို့ရောင်းချသည့်ကုမ္ပဏီ Halder Venture Limited ၏ မန်နေဂျင်းဒါရိုက်တာ Keshab Kumar Halder က ကမ္ဘာ့ဆန်ဈေးကွက်တွင် ထုတ်လုပ်မှုပိုလျှံနေပြီး အိန္ဒိယနိုင်ငံတွင်လည်း အစိုးရနှင့်ဂိုဒေါင်များတွင် လုံလောက်သော အရန် ဆန်စပါးများ ရှိနေကြောင်း၊ ထိုသို့သောအခြေအနေများကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းများကျဆင်းလျက်ရှိရာ၊ ဘင်္ဂလားဒေ့ရှ်မှ ဝယ်ယူမှုများသည် အိန္ဒိယဆန်ဈေးကွက်အား ဝယ်လိုအားဖန်တီးပေးပြီး ကမ္ဘာ့ပေါက်ဈေးကို တစ်စိတ်တစ်ပိုင်း လိုက်လျောညီထွေဖြစ်အောင်ဖန်တီးခြင်းအားဖြင့် အိန္ဒိယဈေးကွက်ကို လတ်တလောကျဆင်းမှုကနေ ပြန်လည်နာလန်ထူလာရန် ကူညီပေးမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

**Source: Rice prices in India jump 14% in two days as traders rush to Bangladesh, The Economic Times, August 14, 2025.**

**မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

https://myantrade.gov.mm/

## အာဖဂန်နစ္စတန်မှတာဂျစ်ကစ္စတန်သို့ ပထမဆုံးငါးအစာ တင်ပို့မှုအားစတင်



အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း Balkh ပြည်နယ်မှ တာဂျစ်ကစ္စတန်နိုင်ငံသို့ ငါးအစာတန်ချိန် ၅၀ အား ပထမဆုံးအကြိမ်တင်ပို့ခဲ့ပြီး နိုင်ငံ၏ကြီးထွားလာသောဒေသအတွင်း ကုန်သွယ်မှုရည်မှန်းချက်များကို အလေးပေးဖော်ပြသည်။

လုပ်ရှားမှုတစ်ခုဖြစ်လာကြောင်း နိုင်ငံပိုင် Bakhtar သတင်းအေဂျင်စီ၏ ဇူလိုင်လ ၂၆ ရက်နေ့ ဖော်ပြချက်အရသိရသည်။

အရည်အသွေးအာမခံချက်နှင့် စံချိန်စံညွှန်းပြည့်မီအောင် စီမံဆောင်ရွက်ပြီးနောက် ငါးအစာများအား တာဂျစ်ကစ္စတန်ဈေးကွက်သို့ပို့ဆောင်ခဲ့ကြောင်းစက်မှုလက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဌာနအကြီးအကဲ Hafiz Amir Mohammad Muttaqi ၏ ပြောကြားချက်အရသိရသည်။

၎င်းသည် အာဖဂန်နစ္စတန်နိုင်ငံ၏ ပို့ကုန်တင်ပို့မှုကိုကွဲ ပြားစေရန်နှင့် ဒေသတွင်းဈေးကွက်များတွင် ၎င်း၏တည်ရှိမှုတိုးချဲ့ရန် သိသာထင်ရှားသော ခြေလှမ်း တစ်ခုဖြစ်သည်ဟု Muttaqi က ပြောကြားခဲ့သည်။

TIR

ယခုလအစောပိုင်းတွင် Balkh ပြည်နယ်မှ United Kingdom သို့ လျှော်ဖွတ်ရေးထုတ်ကုန်အများအပြား တင်ပို့ခဲ့သည်။

ပုဂ္ဂလိကကဏ္ဍတိုးတက်မှုကိုလွယ်ကူချောမွေ့စေပြီးဒေသဆိုင်ရာဈေးကွက်များသို့ လက်လှမ်းရှိနိုင်စေခြင်းဖြင့် အာဖဂန်ကြားဖြတ်အစိုးရသည် ပို့ကုန်များတိုးချဲ့ခြင်း၊ အမျိုးသားစီးပွားရေးကို အားကောင်းစေခြင်းနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုခြေရာကို မြှင့်တင်ရန်အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်းသိရသည်။

**Source : DOCA ရန်ကုန်**

https://www.doca.gov.mm/

## နယူးဇီလန်နိုင်ငံသည် နို့ထွက်ပစ္စည်း၊ အသားများကြောင့် စားသောက်ကုန်ဈေးနှုန်းများဖောင်းပွမှု မြင့်မားလာ



နယူးဇီလန်နိုင်ငံ၏ စားသောက်ကုန်ဈေးနှုန်းများသည် ၂၀၂၅ ခုနှစ် ဇွန်လတွင် ၄ ဒသမ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး မေလတွင်လည်း ၄ ဒသမ ၄ ရာခိုင်နှုန်းအနည်းငယ်မြင့်တက်လာခဲ့ကြောင်း နယူးဇီလန်စာရင်းအင်းဌာန Stat NZ က ဇူလိုင်လ ၁၇ ရက်နေ့က ပြောကြားခဲ့သည်။

ထိုမြင့်တက်မှုအတွက် အဓိကတွန်းအားမှာ ကုန်ခြောက်ပစ္စည်းများအပြင် အသား၊ကြက်ဥနှင့် ငါးနှစ်မျိုးစလုံးတို့၏ ကုန်ကျစရိတ်များ ၄ ဒသမ၇ ရာခိုင်နှုန်းနှင့် ၆ ဒသမ၄ ရာခိုင်နှုန်းအသီးသီး မြင့်တက်လာသောကြောင့် ဖြစ်ကြောင်း Stat Nz မှပြောကြားချက်အရ သိရသည်။

နို့ဈေးနှုန်း ၁၄ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာပြီး ထောပတ်ဈေးနှုန်း ၄၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဒိန်ခဲဈေးနှုန်း ၃၀ ရာခိုင်နှုန်း မြင့်တက်လာသောကြောင့် နို့ထွက်ပစ္စည်းဈေးနှုန်းများမြင့်တက်လာကြောင်း သိရသည်။

ထောပတ်ဈေးနှုန်းများသည် လွန်ခဲ့သည့် ၁၀ နှစ်ကထက် ၅ ဒေါ်လာမြင့်တက်လာပြီး ရာခိုင်နှုန်းအားဖြင့် ၁၂၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း Stat Nz မှ ပြောရေးဆိုခွင့်ရှိသူ Nicola Growden မှပြောကြားခဲ့သည်။

**Source : DOCA ရန်ကုန်**

https://www.doca.gov.mm/

## STOCK EXCHANGE (22.8.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Aug. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,394 (Shares) | 12,776,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,200 | 7,300 | 7,200 | 817 | 5,884,400 | 33,109,694 | 238,390 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,050 | 3,100 | 3,050 | 520 | 1,589,500 | 38,929,150 | 120,680 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 9 | 69,300 | 10,400,986 | 80,088 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 5 | 10,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 851 | 2,212,600 | 12,823,224 | 33,340 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 551 | 921,700 | 19,977,223 | 33,961 |
| AMATA | 00007 | 3,400 | +0 | +0.00% | 3,250 | 3,400 | 3,250 | 71 | 236,350 | 10,497,598 | 35,692 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 570 | 1,852,500 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 21st Aug. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 359.90 | +0.00 | +0.00% | 358.87 | 360.85 | 358.04 | 3,394 | 12,776,350 | 8 | 678,846 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 21st Aug. 2025

| Trading Volume | Trading Value |
|---|---|
| 4,094 (Shares) | 14,771,350 (MMK) |

## Main Board

As of 1:00 pm, 21st Aug. 2025

**Total Trading (MB)** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 3,394 (Shares) | 12,776,350 (MMK) |

| MYANPIX | 359.90 ▲ 0.00 |
|---|---|
| Total Volume (shares) | 3,394 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 678,846 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 0 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 3,400 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |